(၃၃၈) ဥဒ္ဒုဂ္ဂပါ၊ ဆဲ့နှစ်ဖြာမူ၊ ကာမေ,
ရူပေ၊ပဝတ္တေ၊ဖြစ်စေ-အကုဝိ၊

(၃၃၉) ကာ-ဘု,ရှစ်သာ၊ကာ-သု,မှာ၊
ကိုးဖြာ-သု,သန္တိ၊

(၃၄၀) ဝိပါက် မဟာ။ ကာ-သု,မှား ကာ,ရူ,ရုစ်-ကုဝိ။

(၃၄၁) ဟိတ်ဥက္ကဋ္ဌ ဩမကာ၊နှစ်တန် ခွဲဝေသိ။

(၃၄၂) သု-ကုသလံ၊ ရှေ့နောက်ခံ။ ထက်သန်-ဥက္ကဋ္ဌ။

(၃၄၃) အကုသလံ၊ ရှေ့နောက်ခံ။ ယုတ်ပြွန်-ဩမကာ။

(၃၄၄) တိဥက်-တိဝိ၊ လေးသန္ဓိ။ ပဝတ္တိ-ဆဲ့ခြောက်သာ။

(၃၄၅) တိဩ-ဒွိဝိ၊လေးသန္ဓိ၊ပဝတ္တိ-ဆဲ့နှစ်သာ။

(၃၄၆) ဒွိဥက်-ဒွိဝိ၊လေးသန္ဓိ၊ပဝတ္တိ-ဆဲ့နှစ်သာ။

(၃၄၇) ဒွိဩ-ကုဝိ၊သန်-သန္ဓိ၊ပဝတ္တိ၊ ကိုးရှစ်သာ။

(၃၄၇) ဆဲ့ခြောက်- လေးလို၊ လေး
လေးလီ၊ အညီတိုဥက်မှာ၊
(၃၄၉) တို- ဩ- ဒွိဥက်၊ လေး- ရှင်
သုတ်၊ ရှစ်သုတ်ဆဲ့နှစ်သာ၊
(၃၅၀) ရှစ်ခု လေးလီ၊ တစ်လေးသီ။
အညီ- ဒွိဩမှာ၊
(၃၅၁) ကံ၊ ဝိ၊ နှစ်ဆူ၊ အ၊ သ၊ မူ၊ အတူ
ကောဝိဝါ။

ကာမာဝစရကံအကျိုးငြိုးအိုး

---

(၃၅၂) ဟီနံ၊ မဇ္ဈုံ၊ ပဏီတံ၊ သုံးဉာန်
ကိုယ်စီပြု၊
(၃၅၃) ဆန်၊ ဝီ၊ စိတ်၊ မံ၊ သုံးမျိုးဘန်၊
သုံးချာန်ကွဲပြားမှု၊
(၃၅၄) နှာမ်ချောက်ကင်းပေ၊ ဆုပန်
တွေ၊ သညေရုပ်အစု၊

(၃၅၅) ဆူကြေငါးတန်၊ အစဉ်လွန်၊ ငါးတန်-သုဒ္ဓါစု၊

(၃၅၆) ဖြဲဟူဘ ပြည်မှာ၊ အရိယာ၊ အောက်ရွာဆင်းမရှိ၊

(၃၅၇) သုဒ္ဓါဘုံမှာ။ အရိယာ၊ နှစ်ခါထပ်မရှိ၊

(၃၅၈) ဝေ့, နေ့, အကာ၊ သုံးဗြဟ္မာနမှာ၊ အရိယာ၊ သွားရာဘုံမရှိ၊

မဟာဂုဏ်ကုသိုလ်အကျိုးပြီး၏။

"အာသယက္ခယ, ကမ္မက္ခယ, ဥဘက္ခယ, ဥပစ္ဆေဒက-မရဏ ၄-ပါး။"

(၃၅၉) အသက် တန်းကုန်၊ ကံစွမ်းကုန်နှင့်၊ အကုန်နှစ်မျိုး၊ ကံဆိုးဖြတ်ချေး သေမြဲပေ၊ လေးထွေမရဏ၊

(၃၆၀) အကုသိုလ်နှင့်၊ ကုသိုလ်ကမ္မ၊ ဇနက၊ ခွင့်ရရှေ့ရှု-ကံ၊

(၃၆၁) ကံ မြောက် ကြောင်း ဟူ၊ ဆောက်အဦ၊ မှတ်ယူ-နိမိတ္တံ၊

(၃၆၂) လားရာဂတိ၊ ထိုမှာရှိ၊ ဂတိ နိမိတ္တံ၊

(၃၆၃) ထိုသုံးပါးတွင်၊ တအင်အင်၊ ထင်မြဲထုံးအမှန်၊

(၃၆၄) ထင်လာတုံက၊ ထိုအာရုံထဲ၊ တပဲပဲ၊ စွဲမြဲပိတ်သန္တာန်၊

(၃၆၅) ကံ အာရုံမှာ၊ အတိတ်သာ၊ ထင်ရာမနေသတည်း၊

(၃၆၆) ကမ္မနိမိတ်၊ အတိတ်လှန်လေ၊ ပြားခြောက်ထွေ၊ထင်ခလမနေသတည်း၊

(၃၆၇) ယင်းနိမိတ္တံ၊ ပစ္စုပ္ပန်၊ခြောက်တန်ဆန္ဒါရ၊

(၃၆၈) ဂတိ ခြောက်တန်၊ ပစ္စုပ္ပန်၊ ထင်ရန်ဆန္ဒါရ၊

အာရုံဘောနိဒါန်းပြီး၏။

(၃၆၉) တဒါ-ဘွင်-ရု၊တဒါ-ရု။နှစ်ခု-တိမဟာဘွဲ့၊

(၃၇၀) ဓော- ဘွင်-ရု၊ ဓောနှင့်- ရု၊ နှစ်ခု-မဟာဘွဲ့၊

(၃၇၁) မနေခွါမှု၊ထိုနည်းတူ၊ ပိဘူ နှစ်ခုရ၊

(၃၇၂) ဘဝင် သုံးတန်၊ အာဝဇ္ဇန်၊ ဝိညာဏ်-ဒွေပဉ္စ၊

(၃၇၃) သံ, သန်, ဝုဋ္ဌာ၊ ဓောငါးဖြာ၊ တဒါ,နှစ်ကြိမ်မှတ်၊

(၃၇၄) ဘဝင်ဇောကာ၊ရုတိကျ၊ ဘဝအဆုံးသတ်၊

(၃၇၅) အဖြစ်ဖုံးကာ၊ အဝိဇ္ဇာ၊ တဏှာ-ညွတ်စေမှု။

(၃၇၆) ကံသင်္ခါ။ ဇနက၊ ပစ်ချဖြစ်စေမှု၊

(၁၇၇) အကြောင်းသုံးဘော်၊ ညီစေ့ဆော်၊ ဖြစ်ပေါ်-သန္ဓိရ၊

(၁၇၈) သန္ဓိအပွါး၊ ဘဝင်သွား၊ ဆဲ့ငါး့,ဆဲ့ခြောက်,ခု၊

(၁၇၉) ဘဝင်နှစ်တန်၊ အာဝဇ္ဇန်၊ နိကန်-ဇော-ခွန်ခု၊

(၁၈၀) ထိုနောင်ဘဝင်၊ အများပင်၊ အစဉ်သိစေမှု၊

ပဋိသန္ဓေခန်းပြီး၏။

---

(၁၈၁) ဒု,သု,ဒွိ,ဟု၊ စုတိနောက်ဝယ်၊ သန္ဓိချယ်၊ တဆယ်-ကာမသော၊

(၁၈၂) တိဟိတ်-ဝိ,ဟု၊ စုတိနောက်ဝယ်၊ သန္ဓိချယ်၊ နှစ်ဆယ်-အကုန်ဟော၊

(၁၈၃) ငါး-ရူပဝိ၊ စုတိနောက်ဝယ်၊ သန္ဓိချယ်၊ ဆယ်ခွန် ဟောတုကော၊

(၁၈၄) အရူပဝိ၊ စုတိမှ နောက်၊

အောက်အရှ,ရူ၊ဒု,သု,ဒိ, ပစ်၊ရုစ်,ခွန်,ခြောက်, ငါး၊အစဉ်အား၊နှောင်ပြားသင့်သော၊

(၃၀၄) တရော့နှစ်ဆယ်၊ ကျေချာချယ်၊ ဤဝယ်-ဘုံပိုင်းပြီး၊

ဘုံပိုင်းပြီး၏။

ဇ-ရုပ်ပိုင်း။

(၃၀၅) ပ,အာ,ဝါ,တော၊မြေ,ရေ,လေ, မီး၊လွန်ပွါးစီး၊တုတ်ကြီး-စတုက္က၊

(၃၀၆) ခက်,မာ, ဘွဲ့,စေး။ ပူ,အေး၊ ထောက်ကန်၊ဤလေးတန်၊မှတ်ရန်လက္ခဏာ။

(၃၀၇) စက်, သော, ဃာ, ဇိ၊ ကာ, ငါးထိ၊အကြည်ပသာဒ၊

(၃၀၈) ရူ, သဒ္ဒ, ဂန္ဓ,ရံ၊ဖေါဋ္ဌဗ္ဗံ၊ ငါး တန်ဂေါစရ၊

(၃၈၉) ဣတ္ထိ, ပုမ်၊ ဘာဝ၊ နှစ်တန်၊ ဟဒယံ၊တဘာန်-ဇီဝိတ,၊

(၃၉၀) ကဗဠီကာ၊ ရုပ်သြဇာ၊ သင်္ချာ ဆဲ့ရှစ်ရ၊

(၃၉၁) ကြောင်းစတုကြောင့်၊ ဖြစ်မှု ပေါ်လော၊သဘောသီးသီး၊ကိုယ်စီပြီး၊ရုပ်ကြီး နိပ္ဖန္န၊

## နိပ္ဖန္နရုပ် ၁၈-ပြီးဩ။

(၃၉၂) ကလာပ်ခြားမှု၊ အာကာသ, တည့်၊ ကာယ,ဝစီ၊ နှစ်လီကိုယ်နှုတ်၊လှုပ်မှု ရှားမှု၊နှံ့စ်ခုဝိညတ်၊ရူပဿလဟု၊ မုဒုကမ္မည၊ ဝိကာရ-တေး။ လေးလက္ခဏံ၊ရုပ်ဆယ်တန်၊ အနိပ္ဖန္နတည်း၊

(၃၉၃) ဖြစ်ပေါ်ပွါးမှု၊ ဥပစယ၊ တည့်

သ, သန္တတိ၊ ရင့်ဘိဇရာ၊ ပျက်မှာ- အနိစ္စ၊
သိကြောင်းမျှ၊လက္ခဏာရုပ်ခေါ်သတည်း၊

အနိပ္ဖန္နရုပ် ၁၀-ပြီး၏။

ရူပသမုဒ္ဒေသပြီး၏။

---

(၃၉၄) အဇ္ဈတ္တိကော၊ ပသာဒေ၊ ကြွင်း လေ-ဗာဟိရ၊

(၃၉၅) ပသာ,ဟ,မှု၊ ဝတ္ထုယူ၊ ကြွင်း မှု-အဝတ္ထု၊

(၃၉၆) ပသာ, ဝိညတ်၊ ဒွါရမှတ်၊ ကြွင်းလတ်-အဒွါရ၊

(၃၉၇) ပ,ဘာ,ဇိ,ဝေ၊ ဣန္ဒြေ၊ ကြွင်း လေ-အနိန္ဒြိယ၊

(၃၉၈) ပသာ,ဂေါစရ၇,ရုပ်ဒွါဒ၊ဩဠာရိက-ခေါ်၊

(၃၉၉) သပ္ပဋိဃ၊ သန္တိက၊ နာမ-သုံး မည်ပေါ်။

(၄၀၀) ကြွင်းသော ၁၆ သ၊ သုခုမ၊ အပ္ပ ဋိ,ဒူရေ။

(၄၀၁) ရုပ်ကမ္မဇ၊ ၁၈ ခုသ၊ ဥပါဒိန္နပေ။

(၄၀၂) အသမ္ပတ္တ၊ ဂါဟက၊ သောတ, စက္ခု,ဟူ။

(၄၀၃) ရုပ်သမ္ပတ္တ၊ ဂါဟက၊ ဃာန,ဇိ, ကာ,ယူ။

(၄၀၄) မဟာဘူတ၊ ဝဏ္ဏ, ဂန္ဓာ၊ ရ သော,ဩဇာ၊ ရှစ်ဖြာ-ဒိနိဗ္ဘော၊

(၄၀၅) သနိဒဿန်၊ ဆင်းရုပ်၊ အ ကျန်-အနိဒေါ။

## ရူပဝိဘာဂပြီး၏။

(၄၀၆) ကံ,စိတ်,ဥ,အာ။ ဤလေးဖြာ၊ မှတ်ပါသမုဋ္ဌာန်။

(၄၀၇) ကာ,ရူ,-ကု,ကု၊ ဝိတ်စေ,ရုံ ကံပဟုမှတ်ယူလေ၊

(၄၀၈) သဒ္ဓိ-ဥ,မှ၊ခဏမစဲ၊တစပ်ထဲ၊ အမြဲရှင်ဖြစ်စေ၊

(၄၀၉) အရူဘုံရှိ၊ ပိတ်သဒ္ဓိနှင့်၊ ပြဳ ပိညာဏံ၊ နိဗ္ဗာန်ဆုံး- စု၊ ကြဉ်မှု ကြွင်းထ၊ သတ်ပဋ္ဌ၊တကွပိတ်နှင့်-စေ,၊

(၄၁၀) ပဌမာဘဝင်၊ အစတင်လျက်၊ အစဉ်မစဲ၊ဥပါဒ်ဆဲ၊အမြဲရုပ်ဖြစ်စေ၊

(၄၁၁) ဩဇာအပ္ပနာ၊ဈာရိယာ၊ကောင်း စွာတည်နိုင်စေ၊

(၄၁၂) မနော ဒွါရာ၊ ဇောကာ၁၁၊ ဘိညာ-သုံးဆဲ့နှစ်၊

(၄၁၃) ကာယ,ဝါစာ၊မှုအရာ၊နှစ်ဖြာ ဝိညတ်ဖြစ်၊

(၄၁၄) ဆဲ့သုံး-သောမနဿ၊ ပြုံးရယ် တတ်၊ငိုတတ်-ဒေါမောနှစ်၊

(၄၁၅) အချမ်းအပူ၊ နှစ်သုအင်္ဂါ၊ တေ
ဇော-ဒွိ၊ မှတ်ဘိ-ဥတု,ပေ၊

(၄၁၆) သန္တိဋ္ဌိမှ၊ စချဲစဉ်စီ၊ ငြိမ်ဋ္ဌိတိုင်း၊
ခဏာဘိုင်းလျှင်၊ အစဉ်မပြတ်၊ အဇ္ဈတ်-ဗဟိဒ္ဓ၊
မဆိတ်မစဲ၊ တသဲသဲ၊ အမြဲရုပ်ဖြစ်စေ၊

(၄၁၇) ဗဟိဒ္ဓ- အဇ္ဈတ်၊ နှစ်ရပ်- ဩ
ဇာ၊ ရောမိခါဒွ၊ ဋ္ဌိသို့ဆိုက်က၊ အဇ္ဈတ္တဝယ်။
ခဏမစဲ၊ တသဲသဲ၊ အမြဲရုပ်ဖြစ်စေ၊

(၄၁၈) ပသာဒ,ဘာဝ၊ ဇီ,နှင့်-ဟာ၊ နဝ-
ကမ္မဇာ၊

(၄၁၉) ဝိညတ်- ဒွယ၊ ဝိကာရ၊ သဒ္ဒ-
ဦးဘ်,ဥ,ဇာ၊

(၄၂၀) လဟုတာဒိ၊ ရုပ်သုံးခု၊ စိတ်,ဥ,
ဩဇ,ဇာ၊

(၄၂၁) အဝိနိဗ္ဘော၊ အာကာသံ၊ ကံ,စိတ်,
ဥ,ဩ,ဇာ၊

(၄၂၂) လက္ခဏာစု၊ ရုပ်လေးခု၊ စတု ဝိမုတ်သာ၊

(၄၂၃) ဇကန်, နေကန်၊ ကိုးနှစ်တန်၊ ကာံဇံ-ဌာရသာ၊

(၄၂၄) နှစ်ခုဇကန်၊ နေကန်- တေရ၊ ဆဲ့ငါးမျိုး၊ စိတ္တသမုဋ္ဌာန်၊

(၄၂၅) ယင်းနေကန်စု၊ ဆဲ့သုံးခု၊ ဥတုသမုဋ္ဌာန်၊

(၄၂၆) တိ, စတု, ဒွာ၊ ဆဲ့နှစ်မျိုး၊ ဩဇသမုဋ္ဌာန်၊

## ရူပသမုဋ္ဌာန်ပြီး၏။

(၄၂၇) ဝိနိဗ်အဋ္ဌ၊ ဇီဝိတ၊ ဇီဝနဝကာ၊

(၄၂၈) ဈာန်,ဟာဒယ၊ လောင်းဖြန်ကာ၊ အဋ္ဌဒသကာ၊

(၄၂၉) အဝိနိဗ္ဘောင်၊ ရှစ်ခုသော်၊ ခေါ် ကိုးသုဒ္ဓဋ္ဌာ၊

(၄၃၀) ယင်းတွင်-သဒ္ဒ,ကာ၃,၊ ဝိ,သုံး
ဖြာ။ လောင်းပါလေးမူလ၊

(၄၃၁) မူလလေးမှာ၊တာ,လောင်းခါ
ရှစ်ပြန်-ဝိဇ္ဇာ၊

(၄၃၂) သဒ္ဒ,သဒ္ဒ။ တာ,ယှဉ်ကာ၊လေး
ဝ-ဥတုဇာ၊

(၄၃၃) သဒ္ဒ,နှင့်-တာ၊ဤနှစ်ဖြာ၊ အာ
ဟာရဇာတည်း၊

(၄၃၄) ဥတုမူလ၊နှစ်စည်းမျှ၊ရသည့်
ဗဟိဒ္ဓါ၊

(၄၃၅) နှစ်ဆဲ့ သုံးပင်၊ အဇ္ဈတ်တွင်၊
ကျန်စင်ရထိုက်ဖွာ၊

## ကလာပ-သောဓနာပြီး၏။

(၄၃၆) ဇလာဗုဇ၊ သံသေဒ၊ အဏ္ဍ,
ဥပပတ်၊

(၄၃၇) ဇိဂိ-ကြည့်တွေ့၊ကမ္ဗဇေ။ သံ
သေ့ဩပပါ၊

(၄၃၈) စက်,သော,ဃာ,ဘာ။ဤလေး
ဖြာ၊ရုံခါချို့ကောင်းစွာ၊

(၄၃၉) ကာယ,ဘာဝ၊ဟဒယ၊ ဂန္ဓ
သန္ဓိမှာ၊

(၄၄၀) နပုန်းဖြစ်လျှင်၊ဘာဝကြည့်၊နှစ်
ပင် ရသည့်သာ၊

(၄၄၁) ရေ, မြုပ်, ခဲတစ်၊ခက်မဖြစ်၊
ရင့်,လစ်ငါးသဏ္ဍာ၊

(၄၄၂) စက်,သော,ဃာ,ဇိ၊ဤလေးသိ၊
ဖြစ်ပြီဆဲ့တစ်မှာ၊

(၄၄၃) သန္ဓိဉမှာ၊ ကမ္မဇာ။ ဌိမှာ-
ဉတုဇာ။

(၄၄၄) ပဘွင်ဉမှာ၊စိတ္တဇာ၊ဟာရာ-
စိမ့်မျိုမှ၊

(၄၄၅) စၿဂြဖြစ်ပြီး၊ မီးလျှံရေယဉ်၊ ကဲ့ အသွင်၊ အစဉ်သွားလေကာ၊

(၄၄၆) ရုဘိကာဠ္ဖစုပ်၊ အပြိုင်ချုပ်၊ ဘုန်ရုပ်သိလေကြ၊

(၄၄၇) ဃာ, ဇိ, ကာ, ဘာ၊ အာဟာရခေ၊ သဏ္ဍာကဇောပ်၊ ကြည့်သောဌသိ၊ ရအပ်-ရှုပမှာ၊

(၄၄၈) စက်, သော, ဟာ, ဇိ၊ ဤသေးလီ၊ ဖြစ်ညီ-သန္တိမှာ၊

(၄၄၉) သန္တိ-ဋ္ဌိမှ၊ ဥတုဇ၊ ပဘွင်-ဗိတ္တဇာ၊

(၄၅၀) သဒ္ဒကြည့်ပေ၊ ဥန္နှစ်ထွေ၊ ဇိဝေ သုံးကလာပ်။

(၄၅၁) သန္တိ, ပဝတ္တိ၊ ဆိုရိုးသိ၊ မှတ်ဘိ သညသတ်၊

(၄၅၂) ဥပပတ်မှာ၊ ရတော၊ ခန္ဓာ ကြွင်းမရှိ၊

ရူပ-ပဝတ္တိကဏ္ဍမပြီး၏။

(၄၅၃) ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဓာတ်သိမ်းပြည့်နိဗ္ဗာန်၊

(၄၅၄) သဉပါဒိ၊ သေသ-နိ၊ ကြွင်းရှိ ငါးချုပ်ခန်း၊

(၄၅၅) အနုပါဒိ၊ သေသ-နိ၊ မရှိငါး ချုပ်ခန်း၊

(၄၅၆) သုည, နိမိတ်၊ ပဏိဟိတ်၊ ပြား ဗိတ်သုံးနိဗ္ဗာန်၊

(၄၅၇) ပလိဗောဓ၊ ကြောင့်ကြသင့်မှု၊ ကင်းဆိတ်ညံ့၊ နိဗ္ဗာန်-သုညတ၊

(၄၅၈) ဘေးပေါင်းတရံ၊ မဆက်ဆုံ၊ နိဗ္ဗာန်-နိမိတ္တ၊

(၄၅၉) တောင့်တ ပူပန်၊ မဆက်ဆံ၊ နိဗ္ဗာန်-ပဏိဟိတ၊

နိဗ္ဗာန်ပြီး၏။

(၄၅၉) ပိုဒ်ခုနှစ်ဆယ်၊ လင်္ကာချယ်၊ ဤဝယ်-ရုပ်,နိဗ်,ပြီး၊

ရုပ်ပိုင်းပြီးအံ့။

## (၇) သမုစ္စည်းပိုင်း။

(၄၆၀) ကာမ,ဘဝ၊ ဒိဋ္ဌိ,အဝိဇ္ဇာ၊ဤ လေးဖြာ။ စဉ်ကာမုလထား၊

(၄၆၁) ဩဃ,ယောဂါ၊ အာသဝါ၊ သုံးဖြာ-လေးစီပွါး၊

(၄၆၂) အသေသတ်နှစ်၊ ဘွဲ့ပူးရစ်။ မှူး ယှဉ်,စီး,ထုံပြား၊

(၄၆၃) ဘိဇ္ဈာကာယ၊ ဗျာပါဒ၊ ကာ ယ,နှစ်ပုံသိ၊

(၄၆၄) သီလဗ္ဗတံ၊ ပြာမာသံ၊ ဣဒံ သစ္စာဘိ၊

(၄၆၅) နိဝေသ-မှု၊ ဂန္ထ-ရု၊ ဖုထင် ထုံးဖွဲ့ငြိ။

(၄၆၆) အလေ့သီလ။ တဝ-ကျင့်မှု၊ သွားခွေးတူ၊ အယူဝန်သုဒ္ဓိ၊

(၄၆၇) ဤသာမှန်လှ၊ ဤမှတပါး၊ အကုန်မှား၊ စွဲပြား-ဣဒံဘိ၊

(၄၆၈) ကာမ,ဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တ, အစု၊ စွဲသမ်းမှု၊ လေးခု-ဥပါဒါန်၊

(၄၆၉) ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ,- မှန်၊

(၄၇၀) ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိ,ဝိဇ္ဇာ,ရု၊ ခြောက် ခု-နီဝရဏ်။

(၄၇၁) တားဆီး ကန့်ကွက်၊ ပိတ်ပင် ဖျက်၊ အနက်-နီဝရဏ်၊

(၄၇၂) ကာမ,ဘဝ၊ ပဋိဃ။ မာန,ဒိဋ္ဌိ, မှန်၊

(၄၇၃) ဥပိကိသ္သာ၊ အဝိဇ္ဇာ၊ သဗ္ဗာ—နှသယံ၊

(၄၇၄) အစဉ် စွဲကပ်၊ ဥပ်ကိန်းဝင်၊ မျိုးခြောက်-နှသယံ။

(၄၇၅) ကာမ, ရူပ,၊ အရူပ၊ ရာဂ-ပဋိဃံ၊

(၄၇၆) မာန်, ဒိဋ္ဌိ, သိ, ငါ၊ ဥဒ်, ဝိဇ္ဇိ၊ ဆယ်ငင်-သံယောဇန်၊

(၄၇၇) ရု. ရု, ဥဒ်,-ပဋိဘဝ, တစ်၊ ဣစ်, မစ်,-နည်းတတန်၊

(၄၇၈) ထိတ်ထောင်နှောင်ကြိုး၊ အဘွဲ့မျိုး၊ ဘွင့်ရိုး-သံယောဇန်၊

(၄၇၉) ဟိတ်ကြီး-ကြွ၊ မာန်, ဒိဋ္ဌိ, ဝိ,၊ ထိ, ဥဒ်, ဟိ, နောက်,—ဒသ်၊

(၄၈၀) ပူဇန် ညစ်ကျု၊ နှိပ် စက် မှု၊ ဆယ်ခု-ကိလေ မှတ်၊

(၄၈၁) ကာမ,ဘဝ၊ ဆိုသမျှ၊ လောဘ-တရားကိုယ်၊

(၄၈၂) ဿိ, ဇာ, အတ်, ပွာ၊ ဒိဋ္ဌိသာ၊ ဘိဇ္ဈ,ဗျာ,-လော,ဒေါ,ဆို၊

(၄၈၃) အာ,ဩ,ယော,ဂန်၊ သုံးစိမှန်၊ နှစ်တန်-ဥပါ,ကိုယ်၊

(၄၈၄) ရှစ်-နီ,ခြောက်,နူ၊ ကိုး-သံ,ရူ၊ ဆယ်ခု-ကိ,မပို၊

အကုသလသင်္ဂဟပြီး၏။

---

(၄၈၅) ဟိတ်, ခြောက်, အစစ်၊ ဈာန် ခုနှစ်၊ ဆဲ့နှစ်,မဂ္ဂင်ယူ၊

(၄၈၆) ဒွါရငါးထိ၊ ဇုတ်, ပုံ, ဇိ၊ မနိ, ဝေ,ငါးခု၊

(၄၈၇) သဒ္ဓိ,ဝီသ,မာ၊ ပဉ်,လေးဖြာ၊ ဣန္ဒြိ,-ဇုန်-အပု၊

(၄၈၈) အနုညာတိ၊ညဿာမိ၊ အညိ, အညာဝိ၊

(၄၈၉) သောတာ မင်္ဂမှာ၊ အနုညာ၊ သုံးမှာ-အညာဝိ၊

(၄၉၀) လောကုတ်အလယ်၊ခြောက် ချဝယ်၊အလဗ်ယ်-အညိန့်,ငြိ၊

(၄၉၁) ဆိုင်ရာဌာန၊ စိုးပိုင်ကြ၊ ကိစ္စ ကိုယ်စီစီ၊

(၄၉၂) သဒ္ဒိ,ဂိ,သ,ဓိ၊ပဉ္စ,ဟိ,ပြဿာင်၊ ဟိ,နေ့ဘောင်၊ကိုးချပ်ဗိုလ်ကြီး,ခိုင်။

(၄၉၃) ဆန္ဒ,ဂိ,စိတ်,ဝိ၊ ဓိပတိ၊ မဂ္ဂ တူဟွာဉ်ပြိုင်၊

(၄၉၄) ကဗဠိ,ဖဿော၊မနောသဥ္စေ၊ ဝိညာဏော၊လေးတွေအာဟာရ၊

(၄၉၅) လွန်စွာဆောင်မှု၊ ကျေးဇူးပြု၊ လေးခုအာဟာရ၊

(၄၉၆) ပဋ္ဌ ဝိညာဉ်၊ ဈာနင်- ကြဉ်၊ ဗိုလ်ကြဉ်-အ.ပိဓ္ဓေ၊

(၄၉၇) အဖိတ်တွင်- မဂ်၊ ဗိုလ်, ဈာန် မဂ်၊ ဧကဂ်-ဝိပ်ကော၊

(၄၉၈) ဒွိဟော,တိဟော၊ ဗောဇ္ဈင်ထွေ၊ ရှပေ-ဓိပတိ၊

(၄၉၉) ဟေတု,ခြောက်လျှင်။ ငါး,ဈာနင်၊ မဂ္ဂင်-ကိုး,ခု,သိ၊

(၅၀၀) ဆဲ့ခြောက်-ဣန္ဒြေ၊ ဗိုလ်,ကိုး ထွေ၊ လေးထွေ-ဟာ,ဓိပတိ၊

မိဿကသင်္ဂဟပြီး၏။

---

(၅၀၁) ကာ,ဝေ,စိတ်,ဖဿ,၊ နုပဿာန်၊ ပဋ္ဌာန်-သတိလေး၊

(၅၀၂) ဒု- ဟောင်းပယ်ပစ်၊ ဒု- သစ် မလာ၊ ဥပ္ပန်ဖြာ၊ ပြုရာလို့ လဒွေး၊

(၅၀၃) ကု-ဟောင်းမြဲလစ်။ ကု-သင်ရင့်ပါ၊ ဤနှစ်ဖြာ၊ ပြုရာလုံ့လဆွေး။

(၅၀၄) ကြောခြင်းရိုးရေ၊ ကြွင်းလေငေ့စ၊ ကျွန်စေသားအသေး၊

(၅၀၅) အသက်ကိုမှု၊ မညှာရ၊ သမ္မပဓာန်လေး၊

(၅၀၆) ပရိဉ့်ပဟာန်၊ သစ္ဆိကံ၊ ဘာဝန့်-ဈာဗ္ဗိလေး၊

(၅၀၇) ဆန့်ဝိရိယံ၊စိတ့်ဝိမံ၊ ပြီးရန်-ပါဒလေး၊

(၅၀၈) သဒ္ဓ့၊ဝိ၊ သ၊မာ၊ ပဉ့်၊ငါးဖြာ၊ မှတ်ပါ-ဣန့်၊ဗလ၊

(၅၀၉) စိတ်ကျိုပိုင်နိုင်၊မြဲကြံ့ခိုင်၊ဆိုင်ရာငါးဌာန၊

(၅၁၀) သတိ၊ ဓမ္မ၊ ဝိစသ၊ နှင့်၊ ဝိရ၊ ပီတိ၊ပဿဒ္ဓိ-တည့်၊ မာဓိ၊ဥပေက်၊ ဤခုနစ်၊ မှတ်လစ်-သမ္ဗောဇ္ဈင်။

(၅၁၁) မဂ်ဉာဏ်- လေးပါး၊ ဗောဓိ
အား၊ လျှင်လျှားပေါက်ဘို့အင်၊

(၅၁၂) မဂ္ဂင်-အဋ္ဌ၊ ထင်ရှားဖွ၊ ဝဋ်မှ
ထွက်ကြောင်းသိ၊

(၅၁၃) သ, ဝီ,ဆန္ဒ,စိ၊ပဉ္စ,သဒ္ဓိ၊ ပိ,
ပဿ,တတ်,သင်,တီ၊

(၅၁၄) ဆန္ဒ,စိတ် ဝီ,ပဿ၊တတ်,သင်,
တိ,ဟူ၊ဆယ်ချမှု၊နှုတ်ယူ-ဇကိုစ်စိ။

(၅၁၅) သဒ္ဓါကား-ဒွိ၊ ဓိ-မူစတု၊ ငါး
ခု-ပညာ။ရှစ်မှာ-သတိ။ဝိရိယ-ကိုး၊ကိဋ္ဌမျိုး၊
တင်ရိုး-ကျမ်းအညီ။

ဗောဓိပက္ခိယသင်္ဂဟပြီး၏။

---

(၅၁၆) ရုပ်, ဝေ, သညာ, သင်၊ စိတ်
ဝိညာဉ်၊ငါးအင်-ခန္ဓာမှန်၊

(၅၁၇) လောကီခန္ဓာ၊သက်သက်မှာ၊
ဥပါဒါနက္ခန်၊

(၅၁၈) ခေမြှုပ်ပမာ၊ ရုပ်ခန္ဓာ၊ ဝေ
မှာ-ရေပွက်ဟန်၊

(၅၁၉) တံလျှပ်ပမာ၊ မှတ်- သညာ၊
သင်္ခါ-ငှက်ပျောစံ၊

(၅၂၀) မျက် လှည့် 'အသွင်၊ စိတ်
ဝိညာဉ်။ငါးအင်နှစ်မဲ့-ခန့်၊

(၅၂၁) ဝက်,သော,ဃာ,ဇိ၊ကာ,မနီ၊
အကြည့်-ခြောက်ခွါရ။

(၅၂၂) ရူ,သဒ်,ဂန္ဓ,ရုံ၊ ဖောဋ္ဌ, ဓမ္မ၊
ခြောက်တန်-ဗာဟိရ၊

(၅၂၃) စေ, သုခုမ်၊ပြတ်နိဗ္ဗာန်၊ သုံး
တန်-ခပ်,အရ၊

(၅၂၄) ရှသျက်ကြီးနှယ်၊ရေ့ခြောက်
သွယ်၊နောက်ဝယ်တပ်ထားပြ၊

(၅၂၅) စိတ်မနော-ဇ,၊ ဓာတ်ခွန်ဝေ၊
တွက်ရေဓာတ်ဆဲ့ရှစ်၊

(၅၂၆) သတ္တ-ဇီဝ၊ ကင်းစင်ပ၊ဘာဝ တတ်တိုက်းဖြစ်၊

(၅၂၇) ခုက်,သ,နိ,မဂ်၊ မသွေကွက်၊ လေးချက်မှန်သစ္စာ၊

(၅၂၈) စိတ်,စေ, လောကီ၊ရုပ်ဓမ္မာပီ၊ ခုက်,ပြု-သ,တဏှာ၊

(၅၂၉) နိ,-မှာ, နိဗ္ဗာန်၊ အင်ရှစ်တန်၊ အမှန်-မဂ္ဂသာ၊

သစ္စသင်္ဂဟပြီး၏။

—☆—

(၅၃၀) ပိုဒ်-ခုနှစ်ဆယ်၊ လက်ာချယ်၊ ဤ၀ယ်သမုစ်ပြီး၊

သမုစ္စည်းပိုင်းပြီး၏။

—:o:—

၈-ပစ္စည်းပိုင်း။

"အဝိဇ္ဇာ သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်,

•သဠာယတနံ,ဖဿ,ဝေဒနာ,တဏှာ;ဥပါဒါနံ, ဘဝ,ဇာတိ, ဇရာ, မရဏ,သောက,-ပရိဒေဝ,-ဒုက္ခ,ဒေါမနဿ,-ဥပါယာသ”၊

(၅၂၀) ရိက်မဲ ဝွာလှာ၊ မြောင်ကြီးချ၊ မောဟာအဝိဇ္ဇာ၊

(၅၂၁) အကုသိုလ်နှင့်၊ ကုသိုလ်နှစ်ထွေ၊စေတနာခမ္ဘ၊ကံသုံးဝ၊ မှတ်ကြသင်္ခါရာ၊

(၅၂၂) ပုညာ,ပုည၊အာနေဉ္ဇ၊ သုံးဝခွဲစိတ်ဖြာ၊

(၅၂၃) သန္ဓိ,ပဝတ္တိ၊ နှစ်မျိုးရှိ၊ဝိပါက်ဝိညာဏာ၊

(၅၂၄) စေတသိက်မှု၊နာမ်ဟုယူ၊ရုပ်မှု-ကမ္မဇာ၊

(၅၂၅) ဝိညာဏ်နည်းတူ၊ နှစ်မျိုးယူ၊အတူယှဉ်မကွာ၊

(၅၂၆) သဠာယတန၊ခြောက်ခွါရ၊မနံဝိပါက်သာ၊

(၅၃၇) ဝိညာဏ်ခြောက်ဝ၊ ယှဉ်တုံ
ကြ၊ ဖဿဝေဒနာ။

(၅၃၈) ခြောက်ပါး အာရုံ၊ သာယာ
တုံ၊ ခြောက်စုံညစ်တဏှာ၊

(၅၃၉) ကာမ, ဒိဋ္ဌိ, သီလဗ္ဗတ, အတ္တ,
စွဲသန်၊ ဥပါဒါန်၊ လေးတန်သရုပ်ပြာ။

(၅၄၀) ကုသလာ, ကုသလ၊ ကမ္မ
ပထံ၊ ဤနှစ်တန်၊ ကမ္မဘဝသာ၊

(၅၄၁) ဝိပါက်ခန္ဓာ၊ ကဋတ္တာဟု၊ ရုပ်
နာမ်ရ၊ ဥပပတ္တိသာ။

(၅၄၂) ဖြစ်မှု, ရင့်မှု၊ ပျက်ဆုံးမှု၊ ဥပ
ပတ္တိမှာ။

(၅၄၃) အင်္ဂါ- ဆဲ့နှစ်၊ သုံးဆစ်-ကာ
လ၊ သုံးဝ အစပ်။ လေးချပ်အလွှာ၊ ဝဋ်သုံးပြာ၊
မှတ်ပါ-မူလဒွေး၊

ပဋိစ္စသမုပ္ပါဒ်ပြီး၏။

(၅၄၄) ပေါ,အာ,မိ,နန်၊ သမနန်၊ သ,
အံ,နိ,ဥ,ပူ၊

(၅၄၅) ပစ်, သေ, ကာံ,ပံ၊ ဟာ, ဆုန်,
ရူ,ဒန်,၊ မဂ်, သံ, ဝိပ္ပ, ဟူ၊

(၅၄၆) အတ်,နတ်,ဒိတာ၊အဝိတာ၊ ဒွိဝ-
ပစ္စည်းယု၊

(၅၄၇) နန်,သမနန်၊ နတ်,ဝိတံ၊ လေး
တန်အတူတူ၊

(၅၄၈) ဟိတ်ခြောက်- ခြောက်အာ၊
ဓိ-နှစ်ဖြာ၊ အာဓိ, သဓိ, ခွဲ၊

(၅၄၉) ဈာန္မ-ငုပ်,နာမ်၊ အာဓိ,-မှန်၊
လေးတန်-သဓိ,ခွဲ၊

(၅၅၀) ခြားမဲ့ရှေ့နာမ်၊ ပစ္စည်းနာမ်၊
နောက်နာမ်အား-အမြဲ၊

(၅၅၁) ဝိတ်, ဝေ, ဘုတ်ရ၊ ဝဇ္ဇု
သန္ဓေ၊ဤလေးထွေ၊တပ်လေ-သဟာဇာ၊

(၅၅၂) စိတ်, စေ, ဘုတ်ရုံ၊ ဝတ္ထု သန္တွေ၊ ဤလေးထွေ၊ တပ်လေ-အညမည၊

(၅၅၃) သဟဇာတ်ရုံ၊ ဝတ္ထု ပုရေ၊ ဤနှစ်ထွေ၊ တပ်လေ-နိဿယ၊

(၅၅၄) အာရမ္မဏူ၊ နန္တရူ နှင့်၊ ပကတူပေ၊ ဤသုံးထွေ၊ ခွဲလေဥပနိဿယ၊

(၅၅၅) အာရမ္မဏူ၊အာဓိပတူ၊ နန်, မူ-နန္တရ၊

(၅၅၆) နာမ်, ရုပ်, ပညတ်၊ အဇ္ဈတ်-ဗဟိဒ္ဓါ၊ ကျယ်ဝန်းစွာ၊ သညာပကတူပ၊

၅၅၇) ဝတ္ထုပုရေ။ အာပုရေ၊ နှစ်ထွေ-ပုရေဇ၊

(၅၅၈) ရုပ်နိပ္ဖန်၊ ပစ္စုပ္ပန်၊ အမှန်-အာပုရေ၊

(၅၅၉) သတ္တရှိနေ၊ ငါးရုပ် တွေအား၊ စိတ်,စေ,နှစ်ဖြာ၊နောက်နောက်လာ၊တည်ရာ-ပစ္ဆာဇ၊

(၅၆၀) ရွှေဇော ဇာ့တ်တူ၊ ကု, ကူ,
ကြီးယာ၊နှဲ့ န္တရာ၊ပွါးငြါ-သေဝနှ၊

(၅၆၁) သဟာဇာတ၊ ခဏနှာနှာ၊ စေ
တနှာ၊မှတ်ပါ-နှစ်ကမ္ဘ၊

(၅၆၂) သ-မှာလုံးရုံ၊ နှာနှာတုံ၊ ကု,
ကုန်အတိတ်ရ၊

(၅၆၃) သုံးဆဲ့ခြောက်တွေ၊ ဝိ-ဗိတ်
စေ၊မှတ်လေ-ဝိပါက၊

(၅၆၄) ထောက်ပံ့ခိုင်ဘွယ်၊ ကျေးဇူး
ကြွယ်၊လေးသွယ်-အာဟာရ၊

(၅၆၅) သဟ,ပုရုံ၊ ဇီ,ဝိတံ၊ သုံးတန်-
ဈာန္ဒြိယ၊

(၅၆၆) ဗိတ်,ဇီ, ဝေ, ဝိ၊ သဒ္ဒ, သ, ဓိ၊
ပညိ,နှာမ်ရှစ်-သ၊

(၅၆၇) ဝဇ္ဇုငါးလီ၊ ဝယ်ပုရီ၊ ရုပ်ဇီ,
ဇီဝိတ၊

(၅၆၇) တုက်, စာ, ပီ, ဝေ,၊ ကောင္ဂ,၊ ငါးထွေရှု-ဈာန်။

(၅၆၉) ပဉ္စ, တက်, ဝါ, ကမ်,။ အာဇိဝံ,။ ဝါယာမ်, သ, ဓိ, ဒိဋ္ဌိ။

(၅၇၀) ဗိတ်, စေ, လုံးစုံ၊ နာမ်အကုန်။ ယှဉ်တုံသမ္ပယုတ်။

(၅၇၁) သဟ, ပစ္စေ၊ ဝတ်ပုရေ။ သုံးထွေပိပ္ပယုတ်။

(၅၇၂) ရုပ်အား-နာမ်က၊ ရုပ်ကနာမ် အား။ တပ်တုံငြား၊ နှစ်ပါးသဟာထုတ်။

(၅၇၃) သ, ဝတ်, အာ-ပူ၊ ပစ်, ဟာ, ရူ။ ခြောက်သူ-အတ္ထိ-ထုတ်။

ပစ္စည်းသရုပ်ဝိဘာဂ်ခန်းပြီး၏။

---

(၅၇၄) သ, နိ, အတ္ထိ၊ အဝိဂတာ၊ ဤ လေးဖြာ။ မဟာသဟာဇ၊

(၅၇၅) အညှ,ပိ,သုံ့၊ ပိုင်,လေးတန်၊ မရွှံ-သဟာဇ၊

(၅၇၆) ဟော, ဝိ, ဟာ, တံ၊ ဇာနိ, မဂ်, ချာန်၊ မှတ်ဓျန်-ဝေသိသဟာ၊

(၅၇၇) သန္ဒိအခါ၊ ကမ္ဘာ၊ နောက် မှာစိတ္တဇ၊

(၅၇၈) ဝဇ္ဇူနှင့်သန်၊ အပြန်ပြန်၊ သုံး တန်သဟာဇ၊

(၅၇၉) နှစ်ဆဲ့လေးဖြာ၊ ဥပါဒါ၊ မဟာ ဘုတ်မှခ၊

(၅၈၀) ဝဇ္ဇူနှင့် သန်၊ နာမ်မဟာဘူ၊ ကလာပ်တူ၊ ယုလေ-အညီမည၊

(၅၈၁) မိမိနှင့်မူ၊ အတူဖြစ်ခြန်၊ ကျေး ဇူးသန်၊ အမှန်သဟာဇ၊

(၅၈၂) ရုပ်အာဟာရံ၊ ဇီဝိတံ၊ မှတ်ရန် ထဌာန၊

(၅၈၃) ဝဋ္ဋု ပုရေ၊ ရုံခြောက်ထွေ၊ မှတ်လေတံ့ဌာန၊

(၅၈၄) အာရုံပုရေ၊ သုံးပါးထွေ၊ မှတ်လေတဌာန၊

(၅၈၅) ဝတ်, အာ, ပုရေ၊ ငါးခုထွေ၊ မှတ်လေတဌာန၊

(၅၈၆) ပစ္ဆာဇာတေ၊ လေးပါးထွေ၊ မှတ်လေတဌာန၊

(၅၈၇) အနန္တရေ၊ ခြောက်ပါးထွေ၊ မှတ်လေတဌာန၊

(၅၈၈) ရုပ်ကမ္မဇံ၊ ဝိပါက်နာမ်တို့၊ ဖြစ်ရန်နာနာ၊ ခဏိကာ၊ နှစ်ဖြာပစ္စယာ၊

(၅၈၉) လေးခု မဂ်မှာ၊ ဈာနာ၊ ခြောက်ဖြာပစ္စယာ၊

အတိတ်သက်သက်ပစ္စည်းပြီး၏။

(၅၉၀) ဆိုပြီးကြွင်းကျန်၊ အာခရမ္မတ်၊ သုံးတန်ပစ္စည်းမျိုး၊

(၅၉၁) ရှစ်လောဘမူ၊ မဟာကု၊ လေးခုဉာဏ်ကြီးယှာ၊

(၅၉၂) လောကုတ်ရှစ်ခု၊ ဉာဏ်စိတ်ရ၊ ဂရုပြုတတ်စွာ၊

(၅၉၃) ပကတူတု၊ အကြွင်းပုံ၊ လုံးစုံနာမ်အားလုံး၊

## ကာလသုံးပါး၊ ကာလဝိမုတ်
## ပစ္စည်းမျိုးပြီး၏။

---

(၅၉၄) နာမ်လျှင်နာမ်အား။ ခြောက်မျိုးပြား၊ ငါးပါး-နာမ်,ရုပ်,ဌါ၊

(၅၉၅) နာမ်လျှင်-ရုပ်အား၊ မျိုးတပါး၊ နာမ်အား-ရုပ်-၉ကာ၊

(၃၉၆) ပညတ်, နာမ်, ရုပ်၊ နာမ်အား
ဒုက်၊ဒုက်,ဒုက်,ကိုးမျိုးသာ၊

ခြောက်ရာသီဝေဘာနိ့နည်းပြီးဆါ။

---

(၃၉၇) အာ, ဥ, ကံ, အတ်၊ လေးချပ်
၌တွင်၊အကုန်ဝင်၊ကုန်ဝင်ခွဲစိတ်ပြာ၊

ပစ္စည်းခန်းပြီး၏။

---

“အဋ္ဌပညတ်-နာမပညတ်”၊

(၃၉၈) နက်,နာမ်,ပညတ်။နှစ်ပါးမှတ်၊
ခေါ်အပ်,ခေါ်ကြောင်း,သိ၊

(၃၉၉) တစ္ဆူ,ပါဒ်၊သမူဟံ,၊သဏ္ဌာန်,
သန္တတိ၊

(၄၀၀) ကာလံ,အဒ္ဓိ၊အာကာသံ၊ဒိသံ,
ဒေသာဒိ၊

(၆၀၁) အဝိဇ္ဇာမာန်၊ ဝိဇ္ဇာမာန်၊ နာမ်ဒွန္ဒ-
နှစ်ပါးသိ၊

(၆၀၂) ပုဒ်ချင်းတဘာန်၊ တွဲယှက်ဖြန်၊
နာမ်ဒွန္ဒ-ခြောက်ပါးရှိ၊

(၆၀၃) အတ္ထံ, နာမ်၊ ဂဟာထံ၊ ဝဒန်-
စဉ်တိုင်းသိ၊

(၆၀၄) နာမ်, အတ္ထံ၊ ဂဟာထံ၊ သုတာန်-
စဉ်တိုင်းသိ၊

(၆၀၅) ဝိညတ်အလို၊ နှစ်ပါးကို၊ ထိုနှင့်
ဆိုင်ရာထည့်၊

(၆၀၆) စိတ်, စေတသိက်၊ ရုပ်, နိဗ်,
လေးချပ်၊ ပရမတ်သစ္စာ၊ ပညတ်မှာ၊ သစ္စာ
သမ္မုတိ၊

ပညတ်ခန်းပြီး၏။

(၆၀၆) ပိုဒ်ပေါင်း ရှစ်ဆယ်၊ လက်ဒ ချယ်၊ ဤဝယ်ပစ္စည်းပြီး။

ပစ္စည်းပိုင်းပြီး၏။

{၉} ကမ္မဋ္ဌာန်းပိုင်း။

"သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါ ဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ လောကုတ္တရာ ဉာဏဒဿန ဝိသုဒ္ဓိ, ဝိသုဒ္ဓိ-၇ ပါး"

(၆၀၇) အဓိသီလ, စိတ္တပညာ၊ သာသနာ၊ သိက္ခာ ၃-ပါးမှတ်။

(၆၀၈) အာဒိဗြဟ္မ၊ စရိယနှင့်၊ ထိုမှ တပ်၊ အဘိသမာစာရိက၊ ဤနှစ်ဝ၊ သီလသ သနာ၊

(၆၀၉) အာဇီဝဋ္ဌ၊ အကျဉ်းပြ၊ ဗြဟ္မ အာဒိသာ၊

(၆၁၀) ကာယသုံးလီ၊ လေးဝစီ၊ အာ ဒိ-ရှစ်သမာ၊

(၆၁၁) ကျင့်ဝတ်ရတင်၊ အမှမ်းတင်၊ ပြုစင်-ဘိသမာ၊

(၆၁၂) ပါတိမောက္ခ၊ သံဝရ၊ နှင့်၊ ဇီဝ ပါရိ၊ သုဒ္ဓတသွစ်၊ ပစ္စယသံ၊ နိဿိတံတည်၊ ခြောက်တန်-ဇာရွေး၊ လုံခြုံစေမှု၊ သုဒ္ဓိရ၊ စတု လေးလီပြာ၊

သီလခန်းသုဒ္ဓိပြီး၏။

—:o:—

(၆၁၃) မြေ,ရေ,မီး,လေ၊ညို,ရွှေ,နီ,ဖြူ၊ ပေါက်,လင်း,ဟူ၊ဆယ်ဆူ-ကသိဏာ၊

(၆၁၄) ရောင်,ညို,ဖြည်,ပြတ်၊ ခဲအပ်, ပစ်ထား၊ ထားဖြတ်ပစ်ရေး၊ သွေးယို,ပိုးရု၊ အရိုးရု၊ဆယ်ရအသုဘာ၊

(၆၁၅) ဗုဒ်,ဓံ,သံ,သီ၊စာဂီ, ဒေဝတာ။

သင်္ခေါဥပ်၊မရဏ,နှင့်၊ကာယဂတာ၊ အနာပါ၊
ဆယ်ဖြာ-နုသတ်၊

(၆၁၆) မေ,က,မု,ဥ၊ ပွါးများမှု၊လေး
ခု-ပမည္ပာ၊

(၆၁၇) အာဟာရေတူင်၊ နွံ့ဘွယ်သျှင်၊
မှတ်ထင်-ဇက်,သညာ၊

(၆၁၈) ဓာတ်ကြီးလေးခု၊ ပိုင်းခြားမှု၊
စတု-ဝဝတ္ထာ၊

(၆၁၉) အာ,ပိဉ်,အာ,နေ့၊ဈာန်လေးတွေ၊
မှတ်လေ-အ,ရူပါ၊

ကမ္မဋ္ဌာန်း ၄၀-ပြီး၏။

—း၀း—

(၆၂၀) ရာ,ဒေါ,မော,ဝိ၊သဒ်,ဗုဒ္ဓိ၊စရိ-
ဈာခြောက်ဖြာ၊

(၆၂၁) အသု,ကာယ၊ဆဲ့တစ်ဝ၊ရာဂ-
လျော်ဖျော့စွာ၊

(၆၂၂) အဆင်း,မည့်၊ ရှစ်ဗြှခန့်၊ဒေါသ-ချော်ဟှစ္စာ။

(၆၂၃) အာနာပါန်၊အလျှော်ကျ၊ မောဘ,ပိတက်,သဒ္ဒါ။

(၆၂၄) မရဏ,နှင့်၊ဥပသမာ၊ သဒ္ဓါတတန်၊ဝဝဋ္ဋာန်၊လေးတန်-ဗုဒ္ဓိသာ။

(၆၂၅) နှဲသဿတိ-ဆ,၊ သဒ္ဓါကျ၊ ဓေသ,အားလုံးသာ။

(၆၂၆) ကသိုဏ်းကြီးမှု၊မောဟယူ။ ဃယ်မှု-ပိတက်သာ။

သဒ္ဓါသအပြားငြီးဆို။

(၆၂၇) ပရိကမ္မ,၊ဥဂ္ဂဟ,တည့်၊မဒိုဘာဂါ၊ဤသုံးပြာ၊ထင်လာနိမိတ်တည်း။

(၆၂၈) လေးဆယ်လုံးမှာ၊ရှေ့နှစ်ပြာ၊ချော်စွာရသတည်း။

(၆၂၉) ကသိုဏ်း,သုဘာ၊ ကာ,အာ
နာ၊ပဋိဘာဂ-တည်း။

## နိမိတ်အပြားပြီး၏။

---

(၆၃၀) ပရိ,ဥပစာ၊အပ္ပနာ၊သုံးတန်-ဘာဝနာ၊

(၆၃၁) ပရိ,ဥဂ်,မှူ၊ပရိယူ၊ ဘာ,မှု-ဥ, အပ်,သာ၊

(၆၃၂) နိသတ်-ရှစ်၊ သညာ ဇော်, တဖြစ်-ဝဝဋ္ဋာ၊

(၆၃၃) ပရိ,ဥပ၊နှစ်ချမ့်၊ ရထိုက်-ဘာဝနာ။

(၆၃၄) အကြွင်းသုံးဆယ်၊အာရုံဝယ် သုံးသွယ်-ဘာဝနာ၊

(၆၃၅) က,သု,ကာ,အာ၊ပဉ္စာ၊ရူပါ သုံးဆယ်-အပ်၊

(၆၃၆) သညာတတန်။ ဝဝဋ္ဋာန်၊ ရှစ်တန်-နှသတိ၊

(၆၃၇) ဘာဝနာသုံးတန်၊ ဖြစ်ပွားဟန်မှတ်ရန်-ဤသို့တည်း၊

(၆၃၈) ပရိအံစ၊ ဥဂ္ဂဟာအလယ်၊ နှစ်သွယ်ရှုတ်၊ သမာဓိ၊ ပရိကမ္မသာ၊

(၆၃၉) ပဋိဘာဂ၊ ထင်လာကာ၊ နိ့ဝရဏ-ကွာ၊

(၆၄၀) နီဝရဏ၊ ကွာတုံက။ ဥပစာရ-ထ့ာ၊

(၆၄၁) ထိုနောက် ဘန်ဘန်၊ ပွါးတုံဖြန့်၊ ပ-ဂျာန်-အပ္ပနာ၊

(၆၄၂) အာဝဇ္ဇနံ၊ အာပဇ္ဇန်၊ ဓိဋ္ဌာန်,ဝုဋ္ဌာန၊

(၆၄၃) ပစ္စဝေက္ခန်၊ ဤငါးတန်၊ လျင်မြန်လိုတိုင်းရ၊

(၆၄၄) ရှေးရှေးဈာနင်၊ ပယ်စွန့်လျှင်၊ အစဉ်နောက်ဈာန်ရ၊

ရူပဈာန်ငါးပါးပြီး၏။

---

(၆၄၅) အာရုံပြောင်းကာ၊ ပွါးတုံပါ၊ လေးဖြာ-အရူပ၊

အရူပဈာန်ပြီး၏။

---

(၆၄၆) ဣဒ္ဓိဝိဓ၊ ဒိဗ္ဗ-နှစ်ထွေ၊ စေတော ပရိ၊ ပုဗ္ဗေနိဝါ၊ ယထာကမ္မ၊ နာဂတံသ၊ ဤသတ္တ မှတ်ကြအဘိညာ၊

(၆၄၇) ပါဒကဈာန်၊ အဘိဈာန်နှင့်၊ ဂါ ဘန်-ပါဒက၊ စတုက္က၊ ကျတုံအဘိညာ၊

အဘိညာဉ်နည်းပြီး၏။

စိတ္တဝိသုဒ္ဓိပြီး၏။

(၄၈) လက္ခဏာ,နှင့်၊ရသ,နှစ်ခု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ သိမ်းရန်-နာမ်နှင့်ရုပ်။

(၄၉) လေးချက်ပိုင်ပိုင်၊ ပိုင်ခြားနိုင်ကု၊ သတ္တဇီဝ၊ အတ္တအယူ၊ ကင်းစင်ပြု၊ မှတ်ယူ-ဒိဋ္ဌိဝိသုဒ္ဓိ။

(၅၀) နာမရူပ၊ သင်္ခါရ၏၊ ပဋိစ္စခါတ်၊ သမုပ္ပါဒ်ကို၊ အတပ်ထင်ထင်၊ ပိုင်ပိုင်မြင်က၊ကင်္ခါ၊ယုံမှား၊ဆဲ့ခြောက်ပါးနှင့်၊ ရှစ်ပါးဝိစိ၊ဒိဋ္ဌိဖြာဖြာ၊ကင်းစင်ကွာ၊ကင်္ခါဝိတရဏာ-ဝိသုဒ္ဓိ။

"သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်,မုဉ္စိတုကမျတာဉာဏ်,ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာ ဉာဏ်, အနုလောမ ဉာဏ်, ဝိပဿနာဉာဏ် ၁၀-ပါး"။

(၅၁) ခန္ဓာဒိနည်း၊ ဘွဲ့စည်း ပြီးခါ၊ သုံးဖြာလက္ခဏာ၊ သုံးသပ်ရ၊ သမ္မသနဉာဏ်။

(၆၅၂) ဖြစ်ပွါး,ပျက်မှု၊ အာရုံရှု၊ ဥဒယဗ္ဗယဉာဏ်၊

(၆၅၃) အပျက် ကိုသာ၊ ရှုတုံပါ၊ သညာ-ဘင်္ဂဉာဏ်၊

(၆၅၄) အပျက် မြင်က၊ ဘယမစ္စု ပျက်မှုခပင်း၊ ဘေးသေမင်းဟု၊ ကြောက်ခင်း ထွေထွေ၊ ရှုတုံပေ၊ မှတ်လေ—ဘယဉာဏ်၊

(၆၅၅) ကြောက်ဘွယ်ခပင်း၊ မြင်တုံ့ လျှင်းက၊ ဘေးဘယမျိုး၊ ရုပ်နာမ်ဆိုး၌၊ ကိုးရာ မရှိ၊ ခက်မှန်းသိ၊ အာဒီနဝဉာဏ်၊

(၆၅၆) ကိုးရာမထင်၊ ခက်ပုံမြင်က၊ မရွှင်မလန်း၊ စိတ်ကုန်းခန်း၍၊ မချမ်း မမြို့၊ ငြီးငွေ့သောထွေ၊ ပိတ်အနေ၊ မှတ်လေ-နိဗ္ဗိဒ်၊

(၆၅၇) ငြီးငွေ့အားသန်၊ စိတ်ပူပန်က၊ လျှင်မြန်တပိ၊ လွတ်လိုဘိ၊ မုဉ္စိတုကမျတာ ဉာဏ်၊

(၆၅၈) လွတ်လိုလှ၍၊ လွတ်ရတဲ့ငှါ၊

ဘာဝနာလေးဆည်၊ အင်္ဂါကျယ်ဖြန့်ချိ၊ အား ထိုက်ဘိ၊ ပဋိသင်္ခါဉာဏ်၊

(၆၅၉) အားတိုက်ရှု၍၊ လွတ်မှုလွတ်ခန့်၊ အမြင်သန့်က၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရဝယ်၊ မတွယ်သမှု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာဉာဏ်၊

(၆၀၀) မဂ်ရောက်လိုသော်၊ အနေဆော် အနုုး၊ မဂ်လေးဦးအား၊ အသုံးထော်မှု၊ ကျေးဇူးပြု၊ အနုလောမဉာဏ်၊

ဝိပဿနာဉာဏ် ၁၀-ပါးပြီး၏။

---

(၆၆၁) ဥဒယ- ဉာဏ်၊ ရင့်သန့်တို့ သတ်။ ဖြစ်လာတတ်၊ ဆယ်ရပ်အန္တရာယ်။

(၆၆၂) အရောင်ဩဘာ၊ ပဿဒ္ဓိ-နှစ်ဖြာ၊ သဒ္ဓါ၊ ဝီရိယ၊ သုခ၊ ဥပဋ္ဌ၊ နိကန္တိ၊ နှင့်၊ သတိ ဥပေက္ခာ၊ ဤဆယ်ဖြာ၊ မှတ်ပါအန္တရာယ်၊

(၆၆၃) ထိုဆယ်ချက်တွင်၊ မဂ်အထင်ကို၊ ပယ်ထွင်ရှင်းကာ၊ အလင်းသာ၊ မဂ္ဂါပဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ၊

(၆၆၄) ဥဒယဉာဏ်၊ တဘန်ပျိုးကာ၊ ကိုးဖြာဉာဏ်စဉ်၊ စခန်းထွင်၍၊ အမြင်လင်းဘိ ထိုးထွင်းသိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊

(၆၆၅) သင်္ခါရုနှင့်၊ အနုလောမ၊ ဉာဏ်နှစ်ဝ၊ ဝုဋ္ဌာနဂါမိနီလည်းခေါ်သတည်း၊

(၆၆၆) ဝုဋ္ဌာနဂါမိ လွှန်ရင့် သန်ကား၊ နိဗ္ဗာန် ပေါက်ကာ၊ မဂ်ရောက်လာ၊ ဉာဏ ဒဿနဝိသုဒ္ဓိ။

(၆၆၇) သိ,ဇယ်, သိုက်,ပွါး၊ လေးပါး အချက်၊ တပြိုင်နက်၊ မဂ်၏ကိစ္စတည်း၊

(၆၆၈) ဒိဋ္ဌိ,ဝိစိ၊ ပယ်သတ်ဘိ၊ အာဒိ မဂ်သောတာ၊

(၆၆၉) မဂ်, ဖိုလ်, နိဗ္ဗာန်၊ ပယ်,ကြွင်း ကျန်၊ နှစ်တန်ကိလေသာ၊

(၆၇၁) အစဉ်သမှု၊ အမြင်ရှု၊ ငါးခု ဝေကွကာ၊

(၆၇၁) ထက်မက် ကိုလျှင်။ မရောက် ခင်၊ဖို့လ်လျှင်လည်းလျှောင်းရာ။

(၆၇၂) ကာ,ဗျာ,နှစ်တွေ၊အကျန်ရွေ၊ ရောက်လေ့-သကဒါဂါ၊

(၆၇၃) ကာ,ဗျာ,နှစ်တွေ၊အကျန်ရွေ့။ ရောက်လေ-အနာဂါ၊

(၆၇၄) သဗ္ဗ ကိလေ၊ အကျန်ရွေ၊ ရောက်လေ-အရဟတ္တာ၊

ဉာဏဒဿနဝိသုဒ္ဓိခန်းပြီး၏။

---

“အနိမိတ္တ ဝိမောက္ခ, အပ္ပဏိဟိတ ဝိမောက္ခ,သုညတဝိမောက္ခ”၊

(၆၇၅) ဝိမောက္ခ ၃က်၊ ကျွတ်လွတ် ချက်၊ဖိုလ်,မဂ်,မည်သညာ၊

"အနိမိတ္တာနုပဿနာ,အပ္ပဏိဟိတာနုပဿနာ,သုညတာနုပဿနာ,၊ဝိမောက္ခမုခ၃-ပါး"၊

(၆၇၆) ဝိမောက်မုခ၊ တံခါး၀၊ အရလက္ခဏာ၊

(၆၇၇) ရုဇ္ဇာနုဂါမိနိ၊ညာဏ်ဆိုက်သိ၊ ဝိမုနယ်အပါ၊

(၆၇၀) အနိမိတ္တ၊ အနိစ္စ၊ ဒုက္ခပဏိဟိတာ၊

(၆၇၉) အနတ္တမှု၊ သုည-ယူ၊ သုံးခုနုပဿာ၊

(၆၈၀) ပုဂ္ဂိုလ် သတ္တ၀ါ၊ အင်္ဂါကြီးငယ်၊ဆန်းတကြယ်၊မှတ်ဘွယ်နိမိတ္တာ၊

(၆၈၁) အကုန်နိမိတ်၊ ပျောက်အောင်ကြိတ်၊အနိမိတ္တသာ၊

(၆၈၂) အတင့်အတယ်၊အဖွယ်အရာ၊ မင်္ဂလာသုဘာ၊သုခဇာရှု၊ ထင်သမျှ၊ မှတ်ကြ-ပဏိဟိတာ၊

(၆၈၃) အာဘုန်ပဏိပါ၊ ပျောက်စေဘိ၊ အပ္ပဏိပါတာ၊

(၆၈၄) နတ်လူ ဗြဟ္မာ၊ ဓါသုတပါး၊ ယောကျ်ားမိန်းမ၊ ပုဂ္ဂလနှင့်၊ စိုးရပိုင်ဒိုင်၊ ခံ့ခိုင်ဖြင့်ရှည်၊ သက်သုံးတည်ဟု၊ အားစည်သမျှ၊ အနန္တ၊ အဂ္ဂတိဝသာ၊

(၆၈၅) အဂ္ဂတိဝေ၊ ပျောက်ကင်းစေ၊ မှတ်လေ-သုညတာ၊

(၆၈၆) သူ့တံခါးမှ၊ ပေါက်ရောက်ကာ၊ မောက္ခသူ့မဂ်-သာ၊

ဝိမောက္ခအပြားပြီး၏။

---

(၆၈၇) ပိုဒ်ပေါင်း ရှစ်ဆယ်၊ လင်္ကာချယ်၊ ဤဝယ်ကမ္မဋ္ဌာန်းပြီး၊

ကမ္မဋ္ဌာန်းပိုင်းပြီး၏။

(၁) ခြောက်ရာ့ရှစ်ဆယ်၊ လက်ာချယ်၊ ဤဝယ်ပြီးဘဲဗျာ၊

(၂) အဋ္ဌ, သုဉ်, ၁၀, ၉၊ သက္ကရာဇ်၊ ဘွားလစ်ကျမ်းဆရာ၊

(၃) မုံရွာ-လယ်တီ၊ တောရပ်မှီ၊ မထေရ်ဉာဏ်ဓဇာ၊

(၄) ဗျည်း, ဆ, ၁၀, ၉၊ ကဆုန်နွေ၊ ပြီးဖြေ ဤကျမ်းစာ။

(၅) ပရမတ်သံခိပ်၊ ဘွဲ့တံဆိပ်၊ ခတ်နှိပ်မည်သညာ၊

(၆) ပိဋကတ်နှစ်ပုံ၊ အကျဉ်းချုံ၊ နှုတ်ငုံသုတ်ရှုမှာ၊

(၇) ပညာဓိက၊ ဆုကြီးရ၊ အများကိုးကွယ်ရာ၊

(၈) ကျမ်းပြုပါရ၊ ဤပုညကြောင့်၊ ဒုက္ခခပ်သိမ်း၊ ငြိမ်းစေခလို၊ ဆုပန်ဆို၊ မိုလ်လှူသဗ္ဗာဝါ။

(၉) အနာမျိုးကင်း၊ ရိယ်းမင်း သည်းထန်၊နိုင်ငံခပ်သိမ်း၊ တရားထိန်း၊ ငြိမ်းစေအာဖြာဖြာ။

(၁၀) ရှစ်သောင်းလေးထောင်၊ တရားရောင်လည်း၊ မိုက်မှောင်ပယ်ထွန်း၊ ထိန်ထိန်ရွှန်း၊ ထွန်းစေသာသနာ။

ပရမတ္ထသံခိပ်ကျမ်းပြီး၏။

---

၁၂၆၄-ခု၊တပေါင်းလဆန်း ၄-ရက်နေ့ ဤကျမ်းကိုပြုပြင်သန့်ရှင်း၍ပြီးသတည်း။

(ယခုအခါအကျဉ်းချုပ်အားဖြင့်ဆောင်ယူ ကျက်မှတ်ကြစေဖို့ ပုဂ္ဂိုလ်စိတ်ရ သံပေါက် သံခိပ်ကို ထည့်သွင်းပေအံ့)၊

ကာ-ကာမဘုံ အတွက်။

(၁) အကု-ဒွိဒဒသ်၊ သတ္တရည့်ရှု၊ အ ဟေတုနှင့်၊ ကာဒ-ကု,ရှစ်ရှိ၊ သတ္တာ်ံသိ၊ ဒုဂ်တိ ဝုဂ္ဂယာ၊

(၂) ဝိပ္ပယုတ်-ပိ၊ယင်းတွင်ထည့်၊သု,ဒွိ,ဇေတ္တာ၊

(၃) သမ္ပယုတ်-ပိ၊ယင်းတွင် ထည့်ကာ တိ-ဈာန်မဖို၊ဗျည်းတာလ်၊မှတ်ညီစိတ်ရမှာ၊

(၄) မဟဂ်-ကု,နော၊ ယင်းတွင်နှောဖို၊ ဇောဒမည်၊ ဈာယီတိဟိတ်မှာ၊

(၅) မဂ်ပုဂ္ဂိုလ်လေး၊ကိုယ်စီရေး၊ဇေးဇေး စိတ်မှတ်ရာ၊

(၆) ဈာန်မဲ့-တိ,စိတ်၊ဝိဝိ,ဒိဋ္ဌ်,နွတ်၊သူ့ဖိုလ်ချုပ်ကာ၊ ဈာန်ယုတ်ကျုန်လေး၊ အောက်ဖိုလ်ငွေး၊လေးဆဲ့တစ်စိတ်သာ၊

(၇) မဟာဂ်- ကု,နော၊ ယင်းတွင်နှောကာ၊ပညာသ၊ဈာန္ဒငွေဖလာ၊

(၈) ဓေါက်ိုပယ်ခဲ့၊သူ့ဖိုလ်ထဲ့၍၊ဈာန်မဲ့လေဖြန်၊အနာဂါမ်၊တိံသံစိတ်နဝါ၊

(၉) မဟာဂ်-ကု,နော၊ယင်းတွင်နှောပြီ၊အဋ္ဌတာလီ၊ဈာယီအနာဂါ၊

(၁၀) ဆဲ့ရှစ်-အဟိ၊ ကာ-ဝိ,ကြိ,ဘဲ့၊သူ့ဖိုလ်ထဲ့၍၊ ဈာန်မဲ့လေကာ၊ ဗျည်းတိံသ၊ကာမရဟန္တာ၊

(၁၁) မဟာဂ်-ကြိ,နော၊ ယင်းတွင်နှောပြီ၊စတုတ္တာလီ၊ ဈာယီရဟန္တာ၊

(၁၂) ကာမ,ဘုံလယ်၊ စိတ်ရ ချယီ၊ဤဝယ်နိဋ္ဌိတာ၊

## ၆-ရူပဘုံအတွက်း။

(၁၃) ဒေါ့ဝွေး-ဤဉ်ပှု၊ အကု့ ဒသ၊ ဆ-ဃာဝနှာဒိ၊ဟာသိ့ပယ်ပစ်၊ဆဲ့တစ်အဟိတ်၊ အဋ္ဌစိတ်-ကာဝ့ကု့၊မဟာဂ့်ကု့နော၊ပဥ္စွဲ-ရူပိ့၊တေးတာလိ၊တိဟိတ်ရူပမှာ။

(၁၄) ယင်းတွင်ဒိဋ္ဌိ၊ဝိဝိပယ်ဖျောက်၊ သူ့ဖိုလ်ဖျောက်က၊သုံးယောက်အောက်ဖိုလ် ရူပဆို၊နော့ပို-တိံသ့သာ၊

(၁၅) ဟာသိ ထည့် လတ်၊ ဒွါဒသ်အဟိတ်၊ အဋ္ဌစိတ်-ကာ့ကြံ့၊ မဟာဂ်-ကြီနော၊ ပဥ္စောရူပိ့၊သူ့ဖိုလ်ထည့်၊ဗျည်းတိခ္ခဟာန္တာ၊

(၁၆) ရူပဘုံလယ်၊ စိတ်ရေချယ်၊ ဤ ဝယ်နိဋ္ဌိတာ၊

## ဂ-အရူပဘုံ အဖွင့်ကား။

(၁၇) ဒေါနွေကြည့်မှု၊ အကု,ဒသာ၊ မ
နေ့ာဒွါနှင့်၊မဟာကု,ရှစ်၊လေးဖြစ်နှစ်ချ၊ ကု,ဝိ,
အကျိ၊ ဘဲတ်ပိ,ဟူ၊ မှတ်ယုတိဟိတ်မှာ၊

(၁၈)• ယင်းတွင်ဒိဋ္ဌိ၊ ဝိစိပယ်ဖျောက်
သူ့မိုလ်ဖျောက်က၊ သုံးယောက်အောက်မိုလ်
အရူ,ဆို၊ သုံးပို-ဝိသ သာ၊

(၁၉) မနော ဒွါတစ်၊ ရှစ်မဟာ-ကြီး၊
ကြီ,ဝိ,အရူ။ သူ့မိုလ်ဘူက၊ ဠာရသ၊ စိတ်ရ
ရဟန္တာ၊

(၂၀) အရူပဝယ်၊ စိတ်ရချယ်၊ မှတ်
ဘွယ်နိဋ္ဌိတာ၊

(၂၁) ထိုက်သည့်အသျှောက်၊ဝေဘန်
ကောက်၊ဥာဏ်ဘောက်ထွင်းစေရာ၊

ပုဂ္ဂိုလ်၌ စိတ်ရသံပေါက်ပြီး၏။

## ပရမတ္ထသံခိပ်ကျောင်းသားသူငယ်မ ကံလေးချိုးဆုတောင်းရန်။

တုသိတာခေါ်၊ ဘုံနန်းပျော်သည်၊ မယ်တော်နတ်မျိုး၊မွေးကျေးဖူးကို၊အထူးဆုပ်ရန်၊ ရည်ရွယ်သန့်သျှက်၊ ရောင်လျှံထိန်ဝါ၊ ဝတီသာသို့၊ရှုနစ်ဝါမြောက်၊ကြွချီရောက်၍၊ ထွန်းတောက်တေဇော်၊ သောင်းလုံးကျော်သား၊ ဉာဏ်တော်ဓိပတိ။တုမရှိဖြင့်၊ အဘိဓမ္မာ၊ ဒေသနာကို၊ဗြဟ္မာနတ်ပေါင်း၊ တိုက်တသောင်းအား၊ငြိမ့်ညောင်းလိုက်ဆု၊ ဟောတော်မူရှင့်၊ လေးဆူပင်လယ်၊သမုဒ္ဒနှယ်သို့၊နက်ကျယ်စွာဘိ၊တုမရှိသား၊အဘိဓမ္မာ၊ဒေသနာဟု၊ ရွှေရာထူးဆန်း၊သံခိပ်ကျမ်းကို၊ကြိုးပမ်းပါ၍ပညာ့ကြောင့်၊ ဘဝတခွင်၊ ဘုံအပြင်၌၊ ကျင်လည်ခိုက်လည်း၊ အမိုက်ကင်း၍၊ အလင်း ဉာဏ်ရောင်၊ကြီးတိုင်းအောင်သည်၊ ၊ဆောင်တိုင်းကျွန်မမြောက်စေသော်၊ •

အဆုံးဘဝ၊တိုင်ပြန်ကလည်း၊ပညာ့အရာ၊ဘိဓမ္မာနှင့်၊ကြေညာကျော်ကြား၊လူ့အများကို တရားစည်ကြီး၊ မြိုင့်မြိုင့်တီး၍၊ မိုးဆဲ့ဘတန်၊ ငြိမ်းရှာမှန်သည်၊ ၊နိဗ္ဗာန် ကျွန်မ ရောက်စေသောဝ်။

---

## အထူးမှာသားချက်။

၎င်း(ပရမတ္ထသံခ်ပ်ဒိကာကျမ်း)ကို၊ ချင်းနင်းပေါက်ရောက်တတ်မြောက်ကြည့်ရှုနိုင်ကြ ရန်၊ ကျမ်းရေးသံပေါက်လက်ာများကိုပုံနှိပ်ပြ သူတို့မှာ များစွာ အကျိုး ရှိ လိမ့် မည် ဖြစ် ကြောင်း၊

—:o:—

## ထို့ပြင်၊

အဘိဓမ္မာနှင့်တကွ၊ သဒ္ဒါကိုပါ၊ လွယ်ကူစွာ တတ်မြောက်လိုကြသူ၊ ရှင်လူ အများတို့ သည်၊ ၁၂၆၆-ခု နှစ်ကပင်၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရေးသားစီရင်တော် မူခဲ့သော (သဒ္ဒသံခိပ် လက်စွဲ) နှင့်၊ ဆရာတော်ဘုရားကြီး၏ညာလက်ရုံးအလားအထူးထင်ရှားသော၊ (လယ်တီ-ဦးပဏ္ဍိတ)

အရှင်၊ ခွါ ထွင် စီ စဉ် ရေး သား အပ် သော၊ (သဒ္ဒသံခိပ်-အမေးအဖြေကျမ်း)ကို၊ ကြိုးပမ်းတွဲဘက်၍ရှုကြည့်လေ့လာတော်မူကြပါလျှင်လွယ်ကူပေါက်ရောက်၊ တတ်မြောက်ကြလိမ့်မည်ဖြစ်ပါကြောင်း။

---

နတ်နန်းခံ့ညောင်-ကျေးရွာဘောင်ရှင်-လယ်တီ-
ဆရာတော်-ဘုရားကြီးအား။ပူဇော်
ကန်တော့ရန်-ပိုဒ်ခံ့ရတု-ကဗျာ။
သုံးချက်ညီ-ပိုဒ်ခံ့။

(၁) အောင်မြေအမွန်၊ ၊ဂုဏ်ဝန်တည့်၊
တုညွန့်ဖွေရှာ၊ပဒေသာဟု၊ဖွေချာလျှို့
ကွန်း၊ လက်ျာကျွန်းတွင်၊ တည့်မွန်း
မတ်မတ်၊ နေပြာသာဒ်သို့၊ထေရ်မြတ်
လောင်းသျှာ၊ တို့ဆရာကား၊ ဂုဏ်ဝါ
ပတ်ခြုံ၊ပါတ်အစုံနှင့်၊အဋ္ဌ-သုံ-ဋ္ဌီ-ဇောက်
သက္ကရာဇ်ဝယ်၊ပုရှစ်ဖူးကြွ၊ နှင်းပန်း
ခသည့်၊လနတော်ချိန်၊ပြက္ခဒိန်မူ၊စက်
ရှိန်စန်းဆောင်၊ ကြိုင်ငှန်းညှောင်တည့်၊
ထွန်းပြောင်လျှံတက်၊ဆဲ့သုံးရက်တွင်၊
ဘုန်း စက် ကြွန် ညီ၊ မိုး ခေါင် သီ မျှ၊
ကောသရိနွေ၊ရွှေခြံဘော့တွင်၊ ချမ်းမြေ့

ရွှင်ရွှင်။ မိုးသန့်စင်သည်။ ။လျှင်
ဖြိမ့်ဖြိမ့်-ကြွမ်းသည့်ဘုရား။ ။

(၂) ဆောင်ငွေသလွန်။ ။သုန်နှင်းစွန်မှ။
ဒိတ်သွန် ရောင်ခြည်။ တောင်ဥဒည်
တွင်။ပတ်လည်လျှံဝင့်။ ထွက်ပြူသင့်
သို့။ အသျှင့်သမ္မာ။ဘုန်းဂုဏ်ဝါဖြင့်။
နရာ-မရ။ ဦးညွှတ်ပြုသား။ ဝတုသ္ပ။
ဂန္ဓိ ရဟာ။မွှေးမြိုက်ဆေး။ဘိုက်တဝေး
ဥ္ဓ။ ကျေးမွေး ဟောဘော်။ ဖြိမ့်ဖြိမ့်
ကျော်၍။ခါတော်-ထောင်ဝယ်။နှစ်ရာ
ကယ်သျှက်။ ရှစ်ဆယ်ငါးဖြစ်။ သက္က
ရာဇ်တွင်။မိုးခေတ်တိမ်ညို။မှောင်ရိပ်
ခိုသည့်။ဝါဆိုလ-ချိန်။ပုဏ္ဏားမိန်ဥ္ဓ။ဂုဏ်
ဆိမ် ဖြည့်တင်း။ ထေရ် သနင်းကို။
သေမင်းရိုက်လျှင်။ ပင့်ဆောင် ငင်
သည်။ ။ဘဝင်စိမ့်စိမ့်-ကျွမ်းသည်
ဘုရား။ ။

(၃) ရောင်ရွှေတာသွန်၊ ။နေခြည့်ဖြန်
လည်း၊ မန္တ္တရာ၊ ကပ် သင်္ချာထက်၊
ရောင်ဝါ ကွယ်လျက်၊ ကမ္ဘာပျက်သို့
အောက်ထက်ညာခွင်၊ လယ်တီဋ္ဌာန်၊ ဂု
ထိပ်တင် ဘုရား၊ လွန်ဆုံး ပါးသော်၊
များပြားမိုလ်ထု၊ လူအရမ်း၊ နောက်
ကျုပူဆွေးဟစ်ငိုကြွေးရှင့်၊ ခေးသား
ငိုနဲ့မှာ။ သံခိပ်စာနှင့်၊ ဆရာဘုရား၊
ရှိသောလားသို့၊ ညွတ်ဘွားရည့်ရှူး၊ ဦး
တင်ဖူး၍၊ ရွှင်မြူးမာန်လျော့၊ ကျွန့်ကန့်
တော့သား၊ ကြော့ငွေကာဒက်၊ ဝေဇ
သန်ဟု၊ ဇိမာန်နှိတ်၍နှင်နန်းဘုံကာ၊ အာ
ငုံယူငင်။ ပြုစေချင်သည်၊ ။မ ရွှင်
သိမ့်သိမ်-လွမ်းသည့်ဘုရား၊ ။

M. A. မဟာဝိဇ္ဇာဘွဲ့ခံ။

**လယ်တီပဏ္ဍိတ-ဆရာ ဦးမောင်ကြီး။**

ကျောက်စာတော်ရှုအတိုင်း ကြည့်ရှု ပြင်ဆင်သည်။

လယ်တီပဏ္ဍိတ ကိုယ်တော်

စီရင်သော

# ပရမတ္ထသံခိပ်

## အမေး အဖြေ

---

ဇေကျော်သီလကျော်ကားနှုံး

လယ်တီမဏ္ဍိုင်ခေ

၃၃-၃၈-အမှတ်ကု ဘုရားရှေ

ရန်ကုန်မြို့

---

ယောက်ပုံနှိပ်တိုက်။ ရန်ကု